# ညီမလေးသို့ပေးစာ

Little Lamb



ညီမလေး သတိရခြင်းများစွာနဲ့ စာရေး လိုက် တယ်နော်။ ညီမလေးတစ်ယောက် ဘုရားရှင်ရဲ့ စောင့် ရှောက်မှု အောက်မှာ ပျော်ရွှင်နေမယ်လို့ မမ ထင်ပါ တယ်။ ညီမလေး လိုဘဲ တစ်ခြားသော ညီအစ်မများ ပျော်ရွှင် နိုင် အောင် သခင့်စကားလေးနဲ့ ခွန်အားပေးချင် တယ်ကွယ်။ တစ်ခါတစ်လေ မမတို့ဟာ မပျော်ရွှင်နိုင်အောင် စာတန်က လှည့်စားတတ် တယ်လေ။ အဲ့ဒီ စာတန်ရဲ့စနစ်ဆိုးတွေကို မမတို့ နှလုံးထဲက တိုက်ထုတ်နိုင်မှ စစ်မှန်တဲ့ ပျော်ရွှင် ခြင်းတွေကို ခံစားနိုင်မှာ ကလေးရေ.. အဲ့ဒီတော့ မမက အိမ်မက်မင်းသားလေး ယောသပ်ကို ပုံဥပမာ ပြပြီး ပျော်ရွှင်ခြင်း လက်ဆောင်လေး ပေးချင်တယ်ကွယ်။ ဒီ လက်ဆောင်ဟာ သခင့်ဆီက လာလို့ တစ် သက်လုံး သိမ်းထားရင် နပျိုကျန်းမာ အရွယ်တင် စေမယ် ကလေးရေ။ ကြော်ငြာက အရမ်း ကောင်းတော့ ဘာလဲဆိုတာ သိချင်နေလောက် ရောပေါ့လေ။ မမရဲ့ သခင် သိစေချင်တဲ့ ပထမအချက်က ယောသပ်ကို ညီမလေး သိမယ် ထင်တယ်။ ကမ္ဘာဦးကျမ်း ၃၇ လောက်ကစပြီး သူ့ အကြောင်း ပါတယ်လေ။ မမရဲ့ Hero ပေါ့။ သူ့ကြောင့် မမ ပျော်ရွှင်နေနိုင်တာလေ။ ဘုရားရှင်ကလေ မမ အရမ်း အားငယ် ဝမ်းနည်း တဲ့ အချိန်မှာ ယောသပ်အကြောင်း ဆင်ခြင်မိ စေတယ်။ ကလေးရေ ယောသပ်က အမှန်တရားအတွက်နဲ့ အရောင်းစားခံရပြီး ကျွန်ဘဝ ရောက်ခဲ့တယ်။ မမက ငါဆိုတဲ့ အတွေးနဲ့ ကျွန်ဘဝ (စင်ကာပူ အလုပ်သမ) ရောက်ခဲ့တယ် လေ။ မမက ကိုယ့်ကိုယ်ကို အရမ်း အထင်ကြီး တာဝန်ယူနိုင်တဲ့ သမီး တစ်ယောက်လို့ အရင် မပြောင်းလဲတဲ့ နှလုံးသား နဲ့တုန်းက ထင်ခဲ့တယ်လေ။ မမရဲ့ မိသားစုမှာ မမက ပိုက်ဆံ ရှာမှ အဆင်ပြေ တော့ မယောင်နဲ့ ငါ ဆိုတဲ့ တာဝန်ကြီး ပခုံးပေါ်တင် မသက်မသာနှင့် ဝန်လေး ပင်ပန်း နေခဲ့တဲ့သူ တစ်ယောက်ပါ။ လူများအိမ်မှာ လုပ်တဲ့သူ ဆိုပြီး ကိုယ့် ကိုယ်ကိုလည်း အထင်သေး လူထဲ မတိုးချင်။ ဘုရားကိုဘဲ ဘာကြောင့်လဲ သခင်၊ ဘာကြောင့်လဲ သခင်နဲ့။ အမြဲ တောင်းနေ မိသူပါ။ မမကို ချစ်တဲ့ သခင်က ယောသပ် အကြောင်း တစ်စေ့တစ်စောင်း တွေးစေခဲ့ တယ်လေ။ ဟုတ်တယ်နော် ယောသပ်လည်း ကျွန် ဘဝကနေ ဘုရင်ခံ ဖြစ်ခဲ့တယ် မဟုတ်လား။ မမတို့ အတွက်လည်း မီးလျှံနာ အဆင့် လောက်တော့ မျှော်လင့်နိုင်တာပေါ့။ ဒုတိယ အချက် အနေနဲ့ ယောသပ် ဘယ်လို ဘုရင်ခံ ဖြစ်သွား တာလဲဆိုတာ တွေးကြည့် ရအောင်။ မမတို့က လကုန် အချိန်တန်ရင် လစာ ဆိုတဲ့ အလုပ်ရဲ့ အခကြေးငွေကို ခံစားခွင့် ရှိတယ်နော်။ ယောသပ်မှာတော့ မရရှာဘူးကွယ်။ ဒါပေမဲ့ ယောသပ်က အခြားကျွန်တွေလို အချောင်ခို မနေဘူးနဲ့တူတယ်။ ဒါကြောင့် ကိုယ်ရံတော်မှူး ပေါတိဖာက သူ့ကို အိမ်အုပ် အရာနှင့် ခန့်ထားပြီး ဥစ္စာရှိသမျှကို အပ်တယ်တဲ့ အဓိက အချက်က ယောသပ် ဘက်မှာ ဘုရား ရှိလို့ သူ့ရဲ့အကြံက အထမြောက် သတဲ့ကွယ်။ ယောသပ်ရဲ့ ဘက်မှာရှိတဲ့ ဘုရား ကလည်း မမတို့နဲ့အတူ ရှိတာဘဲလေ။ ဧမာနွေလ ဆိုတဲ့ မမတို့နဲ့အတူ ရှိတဲ့ဘုရားက ယောသပ်ကို အကြံ ထမြောက်စေသကဲ့သို့ မမတို့ကိုလည်း အကြံ ထမြောက်စေမှာ သေချာ တယ်။ သူက မျက်နှာ မလိုက်တတ်ဘူးလေ။ ဒါကြောင့် အမြဲတမ်း အမြင့်ကို မျှော်လင့်ပါ၊ ဆုတောင်းပါ၊ ဒီဘဝနဲ့ တော့ မရောင့်ရဲပါနဲ့ ကလေးရေ။ ဘုရားကို ကိုယ်ဖြစ်ချင်တဲ့အတိုင်း ရင်ဖွင့်ပါ။ တစ်ခါတစ်ရံမှာ မမတို့ရဲ့ အခက်အခဲ၊ မခံစားနိုင်မှုတွေ၊ မတရားဘူး ထင်တဲ့ အရာတွေကို ရင်ဖွင့်ဖို့ သူငယ်ချင်း လိုတယ်လေ။ မမလည်း ခံစားဘူးလို့ ကိုယ်ချင်း စာပါတယ်။ ဒါပေမဲ့ တစ်ခါက အစ်မ တစ်ယောက်က မမကို သွန်သင်ဖူးတယ်။ ကိုယ့် အခက်အခဲကို သူငယ်ချင်း မိတ်ဆွေ အခြားသူကို ပြောပြရင် 'အေ..ဟုတ်တယ်". 'ကြိုးစား ထား" အေ ဘယ်လို ဘယ်လိုနဲ့ အားပေးလိမ့်မယ်။ ဒါပေမဲ့ ဘုရား ကသာ ကိုယ့်ကို ကယ်တင် နိုင်တာလေ။ ဘုရားကိုဘဲ ပြောပါတဲ့။ သိပ်မှန်တဲ့ စကားလေးပေါ့ ကလေးရေ.. ဒီတော့ ဉာဏ်ရှိစမ်းပါလို့ မမက တိုက်တွန်းလိုတယ်ကွယ်။

ယောသပ်ဟာ ဘုရားကို ကြောက်ရွံ့သူလည်း ဖြစ်တယ်။ ညီမလေးရေ ပေါတိဖာ မယားက သွေးဆောင်သော်လည်း အပြစ်ပြုပြီး ဘုရား ဘုန်းအသရေကို မရှုတ်ချရဲဘူးလေ။ သူနဲ့ အတူရှိတဲ့ ဘုရားက သန့်ရှင်းသောဘုရား ဖြစ်လို့ သူဟာ သန့်ရှင်းအောင် နေထိုင် ကျင့်ကြံတယ် ကလေးရေ။ ဒါပေမဲ့ နားမလည်နိုင်အောင်ပဲ ယောသပ် ထောင်ကျသွား တယ်နော်။ သာမန်လူ အနေနဲ့ ဘုရား မတရားဘူးလို့ ထင်နိုင်ပေမဲ့ ဉာဏ်ရှိတဲ့ ယောသပ်က ဘုရားမှာ အကြံအစည်ရှိတယ်ဆိုတာ နားလည်တယ်လေ။ ဒါကြောင့် ဘုရားကို အပြစ်မဆို မေးခွန်း မထုတ်ခဲ့ဘူးလေ။ ဒါကြောင့် ခွင့်ရက် ရသင့် ရထိုက်ပါလျက်နဲ့ မတရားသဖြင့် ခွင့်ရက် မပိုင်ဆိုင်ရတဲ့ ညီအစ်မများကို ယောသပ်လေးကို သတိရစေချင်တယ်ကွယ်။ ယောသပ် လိုပဲ မတရား ထောင်ချခံနေရတယ်လို့ ခံစားရရင် ယောသပ်လေး နည်းတူ ထောင် ထဲမှာ ဘုရားပေးတဲ့ အစွမ်းအစနဲ့ အစေခံလိုက်ပါ။ ယောသပ်လို ဘုရင်ခံ ဖြစ်ဖို့ ဘုရား စီစဉ်ထားပါလိမ့်မယ်။

ယောသပ်ရဲ့ အမြင့်ဆုံး စရိုက်က သူတစ်ပါး အပြစ်ကို မချည်နှောင်ခြင်းပဲ။ သူ့ အလှည့် ရောက်လာတာတောင် ရောင်းစားခဲ့တဲ့ အစ်ကိုတွေ၊ မတရား ထောင်ထဲသို့ ရောက်စေတဲ့ ပေါတိဖာနှင့်ဇနီး၊ မေ့နေတဲ့ ဖလားတော်ဝန်တို့ လက်တုန့် မပြန်ခဲ့ဘူးလေ။ ဝိညာဉ်တော် တန်ခိုးနဲ့ ပြည့်စုံတဲ့ လူဟာ ရောက်တဲ့နေရာမှာ အကောင်းဆုံးပေးဆပ် အစေခံ နိုင်တယ်လေ။ ဒါကို ဘုရားက မမေ့မလျော့ ကောင်းချီး ပေးသနားလိုက်တာ အိမ်မှာဆို အချစ်ဆုံး သား။ ကျွန် ဖြစ်ပြန်တော့ အိမ်အုပ်၊ ထောင်ထဲ ရောက်တော့လည်း ထောင်အုပ် တဲ့လေ။ ဒါတွေဟာ ပုံပြင် မဟုတ်လို့ ညီမလေးမှာ မျှော်လင့်ချက် အပြည့်ရှိတယ်ဆိုတာ လက်ခံပြီး ပျော်ရွှင်လိုက်စမ်းပါ။ ဒါပေမဲ့လည်း ယောသပ်လိုတော့ စိတ် နှိမ့်ချနိုင်ရမယ်နော်။ ဘုရားသခင်ဆိုတာ ဘုရားကျောင်းမှာချည်းဘဲ ရှိတာ မဟုတ်ပါဘူး။ ညီမလေးရဲ့ အတွင်း နှလုံးသား ထဲမှာလည်း ရှိတာပါဘဲ။ ဒါကြောင့် သူနဲ့ အချိန်တိုင်း မိတ်သဟာရဖွဲ့လို့ ရတယ်။ စကား ပြောလို့ရတယ်။ ဆုတောင်းလို့ ရပါတယ်ကွယ်။ ဆုတောင်းတာလည်း အိပ်ယာထ၊ အိပ်ယာ ဝင်မှ မဟုတ်ဘူးလေ။ အိမ်မှုကိစ္စများ လုပ်ရင်းဆုတောင်းလို့ ရပါတယ်။ ဆုတောင်း တဲ့ အခါမှ မျက်စိမှိတ်မှ၊ ငြိမ်ငြိမ်နေမှလို့ သတ်မှတ်ချက် မရှိတဲ့အတွက် ကိုယ် လိုချင်တဲ့ ဘဝကို အမြဲဆုတောင်းပြီး ရတော့မယ်ဆိုတဲ့ မျှော်လင့်ချက်၊ ယုံကြည်ချက်နဲ့ ပျော်ရွှင်နေပါ ကလေးရေ။ တတိယ အချက် အနေနဲ့ ကိုယ့်ကို ဘုရားက ဘာကြောင့် ဒီနေရာကို ပို့တာ လည်း ဆိုတာ ဆင်ခြင်ကြရအောင်။ ယောသပ်ကို သူ ဘုန်းထင်ရှားစေဖို့နဲ့ နောင်တစ်ချိန်မှာ တစ်မျိုးလုံး အငတ်ဘေးမှ လွတ်ဖို့ ဘုရားမှာ အကြံအစည်ရှိလို့ ကျွန်ဘဝကို ခဏ ရောက်စေ ခဲ့တယ်လေ။ မမတို့ကိုလည်း ဘုရား ဘာအကြံအစည်ရှိလဲဆိုတာ ဘုရားကို မေးတတ် ရမယ် ကွယ်။ မမဆို မမ အိမ်ရှင်တွေက အရမ်းသဘောကောင်းပြီး စာနာတတ်တယ်၊ ကူညီ တတ်တယ်။ ဒါပေမဲ့ အကြီးဆုံး မှားနေတာက ဘုရားကို မယုံကြည်ကြဘူးလေ။ ဒါကြောင့် မမက သူတို့ ဘုရားရဲ့ ကောင်းမြတ်ခြင်းကို သိဖို့။ ဘုရားရှင် အသုံးပြုခြင်း ခံနေတဲ့ သိုး ကလေး တစ်ကောင်အနေနဲ့ အသက်ရှင်နေတယ်။ ညီမလေးရော ယောသပ်က အကောင်း ဆုံး နှိမ့်ချခဲ့လို့ ဘုရားကိုယ်တိုင်က "ဘုရားသခင်၏ ဝိညာဉ်တော်ကိုရပြီး ဤ ကဲ့သို့သော သူကို ဘယ်မှာရှာတွေ့နိုင် မည်နည်း" ဟု ဝန်ခံခဲ့ရတဲ့အထိဘဲ ကလေးရေ။

ထာဝရဘုရားက ညီမလေးကို ကောင်းကြီးပေးချင်လွန်းအားကြီးလို့ တစ်ပါး တည်းသော သားတော်ကိုစွန့်ပြီး ညီမလေးရဲ့ နှလုံးသားထဲအထိ ပို့ပေးတယ်။ ဒါကို စာတန် က ငါဆိုတဲ့ အတ္တနဲ့ အတင်းတိုးထည့် နေရာလုနေတယ်လေ။ အဲ့ဒီစာတန်က ဘုရားနဲ့ အတူ ရှိနေတဲ့သူဆို ကြည့်မရဘူးလေ။ ယောသပ်ကိုဆို ထောင်ထဲထည့် နောက်ဆုံး မနိုင် မှန်း သိတော့ လက်လျော့သွားတယ်လေ။ မမတို့လည်း စာတန် လက်လျော့ ထွက်ပြေးတဲ့ အထိ မမတို့ နှလုံးသားကို သခင့်ကို နေရာအပြည့်ပေးပြီး သခင် နှိမ့်ချသကဲ့သို့ နှိမ့်ချအစေခံ ဘုရား ဘုန်းကိုထင်ရှားစေကြမယ်နော်။ စာက ရှည်သွားပြီဆိုတော့ သခင်က ညီမလေးကို ဆုတောင်း၊ နှိမ့်ချ၊ ပျော်ရွှင် မျှော်လင့်လျှက် နေစေချင်တာ သိလောက်ရောပေါ့လေ။ ဒါဆို နောက်လ တွေ့မှာဘဲ ဘုရားက မမတို့ကို ဘာတွေသိစေ၊ သင်ယူစေချင်တယ်ဆိုတာ လေ့လာ ကြမယ်နော်။ ညီမလေးတစ်ယောက် အမြင့်ဆုံးဘဝကို တောင်းခံတတ်ပါစေလို့ မမ ဆုတောင်းလိုက်ပါ တယ်။ "စိတ်နှလုံး နှိမ့်ချသော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်း မူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံတော်ဖြစ်၏။" ရှင်မဿဲ ၅း၃။ ။

# နောင်တ

နောင်တ

နောင်တ ဆိုတာ အမည်းစက် စွန်းထင်းပြီးမှ ရတဲ့ နောင်တ (အသိတရား) ထက် အမှားကို အမှားမှန်း သိပြီး ရှေ့ဆက် မတိုးဘဲ ရပ်တန့်လိုက်တဲ့ နောင်တ (လုပ်ရပ်) က ပိုပြီး မကောင်းဘူးလား။ ။ ဖွန်ပန်း

# ခြောက်ကွက်ဆုံးသာသူ

ကာတွန်း - မင်းအောင်သက်လွင်






မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; lord's word တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေဖန်ချက်) စာမူများ ဖတ်ရှုလိုပါက facebook account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ friend request လုပ်ပြီး ဖတ်ရှုနိုင်ပါသည်။